# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 6 , 2022 Volume 53, Number 4


**၆.၄.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၆၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကုမ္ပဏီ(၃၀)က ပြည်ပနိုင်ငံများသို့ မတ်လအတွင်း ဆန်တန်ချိန်(၁)သိန်းကျော် တင်ပို့ခဲ့




Source: Popular News Journal

ပြီးခဲ့သည့် မတ်လအတွင်း ပြည်ပသို့ ဆန်တင်ပို့နေသည့် ကုမ္ပဏီများက စပိန်နိုင်ငံသို့ ဆန်တန်ချိန် (၂၈၈၅၀)၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ဆန်တန်ချိန် (၁၇၅၀၀)၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန်(၁၇၃၁၀၀)၊ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန်(၁၆၃၅၀) စသည်ဖြင့် အသီးသီး တင်ပို့ခဲ့သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်စာရင်းများအရ သိရသည်။

မတ်လအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့ခဲ့ရသည့် ထိပ်တန်းရောက်နိုင်ငံစာရင်းများနှင့် ပတ်သတ်ပြီးထုတ်ပြန်ရာတွင်လည်း ဆန်နှင့်ပတ်သက်၍ စပိန်၊ ဘူလ်ဂေးရီးယား၊ အီတလီ၊ တရုတ်၊ ဖိလစ်ပိုင် ဆန်ကွဲနှင့်ပတ်သတ်၍ တရုတ်၊ ဘယ်ဂျီယံ၊ စပိန်၊ ဘူလ်ဂေးရီးယား၊ အင်ဒိုနီးရှားဟူ၍လည်း အသင်းချုပ်က ပြောဆိုထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပြည်ပသို့ ဆန်တင်ပို့နေသည့် ကုမ္ပဏီ ၃၇ ခုက တန်ချိန် (၂၁၄၃၃၅)အား ပြည်ပသို့ တင်ပို့ထားနိုင်ခဲ့သည်။ ဆန်တန်ချိန် ၁ သိန်းကျော်၊ ဆန်ကွဲတန်ချိန်သိန်းကျော်ဖြင့် ရေကြောင်းလမ်း၊ နယ်စပ်ဂိတ်များမှ တဆင့်တင်ပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့တင်ပို့ခဲ့ရာတွင် ဖိလစ်ပိုင်နှင့်တရုတ်နိုင်ငံသို့ အများဆုံးဖြစ်သည်ဟု သိရသည်။ ၎င်းတို့နောက်မှ နယ်သာလန်၊ ဂီနီ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ပိုလန်စသည်တို့က လိုက်သည်ဟု သိရှိရသည်။

Source: Popular News Journal

## ဗဟိုဘဏ်ညွှန်ကြားချက်အသစ် ဒေါ်လာဈေးကွက်၊ ပို့ကုန်၊ သွင်းကုန်ကဏ္ဍအပေါ် သက်ရောက်မှုရှိနိုင်

ပြည်တွင်းဘဏ်စာရင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားငွေများအား အလုပ်လုပ်ရက် တစ်ရက်အတွင်း ကျပ်ငွေဖြင့်လဲလှယ်ရမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အသစ်မှာ ဒေါ်လာဈေးကွက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သုံးသပ်ချက်အရသိရသည်။

"ဒေါ်လာအရွက်နှင့် ရွှေဈေးက ယခုကြေညာချက်ကြောင့် ဒေါ်လာအရွက်စုဆောင်းထားသူများအပေါ်တွင် ချက်ချင်းသက်ရောက်မှုမရှိသော်လည်း ရေရှည်တွင် ဈေးနှုန်းကျဆင်း၍ Export Earning ဈေးနှုန်းသို့ နီးကပ်သွားနိုင်ကြောင်း၊ ရွှေဈေးအနေဖြင့်

ကမ္ဘာ့ရွှေပေါက်ဈေးနှင့် ငွေလဲနှုန်းအပေါ် အခြေခံ၍ ဈေးဖွင့်ခြင်းဖြစ်သောကြောင့် ငွေလဲနှုန်းကျပါက ရွှေဈေးကျမည်ဖြစ်သည်"ဟု ပို့ကုန်သွင်းကုန် စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက သုံးသပ်ထားသည်။ ထို့ပြင် ဗဟိုဘဏ်ညွှန်ကြားချက်သည် ပို့ကုန်၊ သွင်းကုန်ကဏ္ဍအပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်ပြီး နိုင်ငံခြားသို့ ရောင်းချရသည့် FOB and CRF ဈေးနှုန်းများ ပြောင်းလဲမှု မရှိ၊ ဒေါ်လာလဲနှုန်း ၁၀ ဒသမ ၈ ရာခိုင်နှုန်း လျော့ကျသည့်အတွက် ကုန်ကြမ်းဝယ်ယူသည့်အခါတွင် ဈေးတွက်ခြေကိုက်အောင် ဝယ်ယူရမည်ဖြစ်ကာ အဆိုပါ ကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းမှုဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ဆက်လက်သုံးသပ်ထားသည်။

ပြည်ပမှ နိုင်ငံခြားငွေဖြင့်ရရှိသည့် ပြည်တွင်းနေထိုင်သူများအနေဖြင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD)လိုင်စင်ရဘဏ်များတွင် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၈၅၀ဖြင့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ တစ်ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းချရမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် ရောင်းချနေသည့် ငွေလဲကောင်တာ (Money Changer) များတွင်မူ ဧပြီ ၅ ရက် ဈေးနှုန်းအရ တစ်ဒေါ်လာလဲနှုန်း ဝယ်ဈေး ကျပ် ၁၈၅၀၊ ရောင်းဈေး ၁၈၅၅ ကျပ်တွင် ရှိနေပြီး ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာလဲနှုန်း ဝယ်ဈေး ကျပ် ၁၉၈၀၊ ရောင်းဈေး ကျပ် ၂၀၁၀ ဝန်းကျင်တွင်ရှိနေကြောင်း သိရသည်။

**Source: http://sdtimedaily.com/**

## ၆ လအတွင်း ပြည်ပက ကုန်ပစ္စည်းတင်သွင်းမှုအတွက် ကန်ဒေါ်လာ ၇.၆ ဘီလီယံ သုံးစွဲထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဖော်ပြ




၂၀၂၁ အောက်တိုဘာ ၁ ရက်က စတင်ခဲ့တဲ့ အသေးစားဘတ်ဂျတ်ကာလ ၆ လအတွင်း ပြည်ပနိုင်ငံတွေထံက ကုန်ပစ္စည်းဝယ်ယူမှုအတွက် ကန်ဒေါ်လာ ၇.၆ ဘီလီယံ သုံးစွဲထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူတုန်းက ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၇.၆၄ ဘီလီယံရှိခဲ့ပြီး ယခု မတ်လ ၂၅ ရက်နေ့အထိ ပြည်ပက ဝယ်ယူမှုပမာဏ ဒေါ်လာ ၇.၆ ဘီလီယံသာရှိတော့ပြီး ကန်ဒေါ်လာ ၂၄ သန်း ကျဆင်းသွားကြောင်း သိရှိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ပစ္စည်းတင်သွင်းမှုက ပြီးခဲ့တဲ့လမှာကျဆင်းခဲ့ပြီး အခြားသွင်းကုန် အမျိုးအစားတွေဖြစ်ကြတဲ့ လူသုံးကုန်၊ CMP လုပ်ငန်းသုံးစတာတွေ တင်သွင်းမှုက တိုးတက်လာခဲ့ပါတယ်။မော်တော်ကားအစိတ်အပိုင်းများ၊ မော်တော်ယာဉ်များ၊ စက်များ၊ သံမဏိနဲ့ လေယာဉ်အစိတ်အပိုင်းတွေကို ကုန်စည်တွေကိုလည်းတင်သွင်းခဲ့ပြီး အဲ့ဒီအတွက် ဒေါ်လာ ၁.၄၃ ဘီလီယံ သုံးစွဲထားတယ်လို့ သိရှိရပါတယ်။

တစ်ချိန်တည်းမှာပဲ ဆေးဝါး၊ အလှကုန်နဲ့ စားအုန်းဆီအပါအဝင် ဒေါ်လာ ၁.၆၅ ဘီလီယံတန်ဖိုးရှိတဲ့ လူသုံးကုန်ပစ္စည်းတွေ တင်သွင်းခဲ့ရပြီး ယခင်ကာလတူထက် ဒေါ်လာ ၇၃ ဒသမ ၈ သန်း တိုးလာခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ရေနံထွက်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်းပါဝင်တဲ့ ကုန်စည်အုပ်စုတင်သွင်းမှုက ပမာဏအများဆုံးဖြစ်ခဲ့ပြီး ပြီးခဲ့တဲ့နှစ် မှတ်တမ်းတင်ပမာဏ ဒေါ်လာ ၂.၅ ဘီလီယံကနေ ယခုနှစ်မှာ ဒေါ်လာ ၃.၄ ဘီလီယံအထိ မြင့်တက်လာခဲ့ပါတယ်။ အလားတူကာလအတွင်း အထည်ချုပ်လုပ်ငန်း (CMP) အတွက် ဒေါ်လာ ၁.၁၂ ဘီလီယံရှိတဲ့ ကုန်ကြမ်းတွေတင်သွင်းခဲ့ကာ ထိပ်သီးတင်ပို့သူတွေအဖြစ် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံတို့က ရပ်တည်နေပါတယ်။

**Source: BETV Business**

## တောင်သူထံက ဈေးချဝယ်မှသာလျှင် ပြည်ပတင်ပို့မှုတွင် တွက်ချေကိုက်မည်ဟု ဆန်ကုန်သည်အချို့ပြော ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဆန်အဝင်နည်းသွားပြီး ကြိုက်ရောင်း၊ ကြိုက်ဝယ်ပုံစံသာရှိတော့

လက်ရှိဖြစ်ပေါ်နေတဲ့ ဆန်/ဆန်ကွဲ FOB–YGN ဈေးနှုန်းအတိုင်း ပြည်ပနိုင်ငံတွေထံ တင်ပို့ရောင်းချဖို့အတွက် စိုက်ပျိုးတောင်သူတွေထံက ဈေးချဝယ်မှသာလျှင် တွက်ချေကိုက်နိုင်မယ်လို့ ဆန်ကုန်သည်အချို့က ပြောဆိုကြပါတယ်။ ပြည်ပငွေကြေးဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်းက ကန်တစ်ဒေါ်လာကို ကျပ် ၂၀၀၀ အထက် ရောက်ရှိနေချိန် ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်တဲ့ ရငွေတွေကို မြန်မာကျပ်ငွေ ၁၈၅၀ ဖြင့် လဲလှယ်ပေးရမယ်ဆိုတဲ့ အမိန့်ကြော်ငြာစာ ကြောင့် ပြည်တွင်းဆန်ဈေးကွက်အပေါ်လည်း ဂယက်ရိုက်ခဲ့ပါတယ်။

''ဗဟိုဘဏ်က သတ်မှတ်လိုက်တဲ့ ဒေါ်လာဈေးနဲ့ တွက်ချက်ပြီးတော့ ဝယ်ရတဲ့ဈေးတန်းကို ချဝယ်ရမှာပေါ့။ ဈေးချဝယ်မှပဲ အဆင်ပြေမှာလေ။ ချဝယ်လို့မရရင် ဆက်လုပ်လို့မရဘူး''လို့ ရန်ကုန်အခြေစိုက် ပွဲရုံလုပ်ငန်းရှင် တစ်ဦးက ပြောပါတယ်။ လက်ရှိမှာ ပြည်ပကို တင်ပို့ရောင်းချနေတဲ့ ဆန်အမျိုးအစားတွေ ဈေးကျဆင်းနိုင်ကြောင်း ကုန်သည်တွေက သုံးသပ်ထားကြပြီး ပြည်ပတင်ပို့မှုတွင် တွက်ချေကိုက်ဖို့အတွက် ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ အောက်ဆင်းပြီး ချဝယ်မှဖြစ်မယ်လို့ ဆိုကြပါတယ်။

''FOB ဈေးတွေ မြှင့်ပေးမှပဲ ရောင်းလို့ရမှာ။ ဒါမှပဲ ပြန်ကိုက်သွားမှာကိုး။ ဥပမာ တစ်တန်ကို ကန်ဒေါ်လာ ၃၂၅ နဲ့ ရောင်းလို့ရတဲ့ပစ္စည်းတစ်ခုကို ၃၄၀၊ ၃၅၅ အဲ့ဒါမျိုး တင်ရောင်းနိုင်မှ ဒီဘက်မှာလည်း တွက်ချေကိုက်မှာ''လို့ သူက ဆက်ပြောပါတယ်။လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဆန်ဝင်ရောက်မှုမရှိသလောက် နည်းပါးသွားပြီး ကြိုရောင်း၊ ကြိုဝယ်ထားတာတွေ လာအပ်တာမျိုးလောက်သာရှိတော့တယ်လို့ ဆန်အကျိုးဆောင်တစ်ဦးကပြောပါတယ်။ ''လုပ်ငန်းတစ်ခုက ယာယီရပ်တန့်သွားသလိုမျိုးပေါ့။ အရောင်းအဝယ်ရှိလည်း နည်းနည်းပါးပါးကျွံဝင်လာတာလောက်ပဲ ရောင်းဝယ်ဖြစ်နေပါတယ်''လို့ ဆိုထားပါတယ်။

Source: BETV Business

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဧပြီ ၂၂ ရက်တွင် ထပ်မံကျင်းပမည်


Source: Popular News Journal

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ (၂၂)ရက်မှ (၂၈)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဟုသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဒုတိယအကြိမ်မြောက် ပြုလုပ်ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲဖြစ်ကာ အဆိုပါရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ယနေ့ဧပြီ ၆ရက်တွင် အသိပေးကြေညာသည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဟုလည်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ၂၂ရက်အထိ ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြသရောင်းချပွဲအား နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သေးပြီး အဆိုပါ ၆ ရက်ကြာ ကျင်းပသည့် ပြပွဲအတွင်း ပုလဲအတွဲ ၃၃၀ နှင့် ကျောက်စိမ်းအတွဲ ၇၈၀ ကို ပြသရောင်းချပေးခဲ့ရာ ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များသည် ပြသထားသည့် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို လွတ်လပ်စွာလေ့လာကြည့်ရှုခဲ့ကြပြီး ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်းအတွဲ ပေါင်း ၆၂၂ တွဲကို ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲဗဟို ကော်မတီက ကြေညာမှု ရှိထားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်က စတင်ကျင်းပလာခဲ့ရာ နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲ ၉၆ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲ ၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်ဟု သိရှိရသည်။

**Source: Popular News Journal**

## နိုင်ငံခြားသုံးငွေများလွှဲပြောင်းမှုအတွက် နိုင်ငံခြားငွေရောင်းချပေးရာတွင် တစ်ဒေါ်လာလျှင် ဝန်ဆောင်စရိတ် သုံးကျပ်သာယူ၍ ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့်ရောင်းချပေးရန် AD လိုင်စင်ရဘဏ်များသို့ ဗဟိုဘဏ်ညွှန်ကြား

AD လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားသုံးငွေများ လွှဲပြောင်းမှုအတွက် နိုင်ငံခြားငွေရောင်းချပေးရာတွင် တစ်ဒေါ်လာလျှင် ဝန်ဆောင်စရိတ် သုံးကျပ်သာယူ၍ ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် ရောင်းချပေးရန် ဧပြီ ၅ ရက်က ထုတ်ပြန်သည့် ဗဟိုဘဏ်၏ ညွှန်ကြားချက် (၆/၂၀၂၂) တွင် ဖော်ပြထားသည်။

အဆိုပါညွှန်ကြားချက်တွင် ပြည်ပသို့ နိုင်ငံခြားငွေများလွှဲပြောင်းရန်အတွက် ကော်မတီခွင့်ပြုချက်ရရှိပါက AD လိုင်စင်ရဘဏ်များအနေဖြင့် လွှဲပြောင်းခွင့်ရရှိသူသို့ နိုင်ငံခြားငွေရောင်းချပေးရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် ရောင်းချပေးရန်နှင့် ဝန်ဆောင်စရိတ်အဖြစ် တစ်ဒေါ်လာလျှင် (၃)ကျပ် ကောက်ခံရန်ဖြစ်သည်။

ရည်ညွှန်းချက်ပါ (၃.၄.၂၀၂၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)အရ ပြည်တွင်း၌နေထိုင်သူများ၏ နိုင်ငံခြားငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် အောက်ပါတို့ကို အလုပ်လုပ်ရက်တစ်ရက်အတွင်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည် -

(က)ပို့ကုန်ရငွေများဖြစ်ပါက နိုင်ငံခြားငွေဝင်ရောက်သည့်ရက်တွင် သက်ဆိုင်ရာကုမ္ပဏီ၏စာရင်းသို့ လွှဲပြောင်းထည့်သွင်းရန်၊ AD လိုင်စင်ရဘဏ်က ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် ဝယ်ယူပြီး ကျပ်ငွေစာရင်းသို့ ထည့်သွင်းရန် ဖြစ်သည်။

(ခ) ဝန်ဆောင်မှုအပါအဝင် အခြားရငွေများဖြစ်ပါက နိုင်ငံခြားငွေဝင်ရောက်သည့်ရက်တွင် သက်ဆိုင်ရာကုမ္ပဏီ၊ လူပုဂ္ဂိုလ်၏ နိုင်ငံခြားငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းရန်၊ AD လိုင်စင်ရဘဏ်က ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် ဝယ်ယူပြီး ကျပ်ငွေစာရင်းသို့ ထည့်သွင်းရန်ဖြစ်သည်။

(ဂ) ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်ခြင်းအတွက် အမြတ်ဝေစုပေးပို့ခြင်း၊ ရင်းနှီးငွေ ပြန်လည်ပေးပို့ခြင်း၊

(ဃ)ပြည်ပတွင် ရင်းနှီးမြှုပ်နှံခြင်းအတွက် လွှဲပြောင်းခြင်း၊

(င) ပြည်ပမှ ရယူထားသော ချေးငွေနှင့် အတိုးများကို ပြန်လည်ပေးဆပ်ခြင်း၊

(စ) နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၂၇ တွင် သတ်မှတ်ထားသည့် အသုံးစရိတ်များ လွှဲပို့ခြင်းတို့ ပါဝင်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ငွေများနှင့် ပြည်ပသို့ နိုင်ငံခြားသုံးငွေများ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်း၌နေထိုင်သူများ ၏ နိုင်ငံခြားငွေစာရင်းများရှိ နိုင်ငံခြားငွေများနှင့်စပ်လျဉ်း၍လည်းကောင်း ဆောင်ရွက်ရမည့်အချက်များကို ရည်ညွှန်းချက်ပါအမိန့်ကြော်ငြာစာထုတ်ပြန်၍ ညွှန်ကြားခဲ့ပြီးဖြစ်သည်။

**Source:** https://news-eleven.com/article/228756

စီးပွားရေးသံမှူးသတင်းများ

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၅.၃ သန်းအထိ ရောက်ရှိနိုင်ကြောင်းခန့်မှန်း

ဘရာဇီးလ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း ပဲပုတ်စေ့ တန်ချိန် ၂.၆၆၇ သန်း တင်ပို့ခဲ့ပြီး မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၃.၅၆၁ သန်းတင်ပို့နိုင်ရန်မျှော်မှန်းထားသဖြင့် မတ်လအတွင်းပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၁၂.၉၅၇ သန်းအထိရောက်ရှိနိုင်ရန်မျှော်မှန်းထားကြောင်း၊ ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့ တန်ချိန် ၉.၁၁၃ သန်းအားတင်ပို့နိုင်ခဲ့ကြောင်း National Association of Cereal Exporters (Anec) ၏ သတင်းတွင်



Photo: Ivan Bueno/AnP

ဖော်ပြထားသည်။ ဘရာဇီးလ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ မတ်လတွင် ပဲပုတ်စေ့တန်ချိန် ၁၄.၉၁၅ သန်းတင်ပို့ခဲ့သဖြင့် ယခုနှစ် ကာလတူတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၁၃.၁၃ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

မတ်လအတွင်း ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့ထွက်ကုန်တင်ပို့မှုတွင် တန်ချိန် ၁.၅၃၇ သန်းအထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လတွင် တန်ချိန် ၁.၂၆၉ သန်းတင်ပို့ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ပါက ၂၁.၁၂ ရာခိုင်နှုန်း ပိုမို တိုးတက်ရန် ခန့်မှန်းထားကြောင်း၊ ယခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်ချိန် ၁.၅၇၂ သန်းတင်ပို့ထားကြောင်း Anec ၏သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၅.၃ သန်းရှိနိုင်ကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် တန်ချိန် ၁၃၅.၈ သန်း ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားခဲ့သော်လည်း ဘရာဇီးလ်နိုင်ငံ၏ အချို့ပြည်နယ်များတွင် ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့ရလျက်ရှိပြီး သီးနှံစိုက်ခင်းများ မိုးရေချိန်လုံလောက်စွာ မရရှိသောကြောင့် ပဲပုတ်စေ့ အထွက်နှုန်းများလျော့ကျနိုင်သဖြင့် ခန့်မှန်းချက်အားပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း Brazilian Association of Vegetable Oil Industries (Abiove) က သတင်းတွင်ဖော်ပြထားသည်။ ထို့အပြင် ပဲပုတ်စေ့အထွက်နှုန်းများ လျော့ကျနိုင်သော်လည်း ပဲပုတ်ခွံ အပါအဝင် ပဲပုတ်စေ့ထွက်ကုန်နှင့်ပဲပုတ်ဆီတင်ပို့နိုင်မည့် ပမာဏခန့်မှန်းချက်အား ပြောင်းလဲခြင်းမရှိဘဲ တန်ချိန် ၄၈ သန်းအထိ တင်ပို့နိုင်ရန်ခန့်မှန်း ထားကြောင်း Abiove ၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်တွင်းကြိတ်ခွဲမှု၌ ပဲပုတ်စေ့တန်ချိန် ၂.၆ သန်းကိုအသုံးပြုခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူတွင် တန်ချိန် ၃.၁ သန်းကိုအသုံးပြုခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပဲပုတ်ဆီပြည်တွင်းစားသုံးမှုသည် တန်ချိန် ၇.၉ သန်း အထိရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဆီတန်ချိန် ၈.၀၁၇ သန်းစားသုံးခဲ့သဖြင့် နှိုင်းယှဉ်ပါက ၁.၅ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း သတင်း တွင်ဖော်ပြထားသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့ တန်ချိန် ၁၃၈.၉ သန်းအထိထွက်ရှိနိုင်ရန်ခန့်မှန်းထားပြီး ၎င်းတို့အနက်မှ ပြည်ပတင်ပို့မှုသည် တန်ချိန် ၈၆.၁ သန်းရှိနိုင်ရန်နှင့် ပြည်တွင်းကြိတ်ခွဲမှုအတွက် ၄၇.၈ သန်းအားအသုံးပြုနိုင်ကြောင်း Abiove က ခန့်မှန်းထားသည်။

**Source: canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ယူကရိန်းပဋိပက္ခကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးကျဆင်းမှု ဆိုးရွားစွာဖြစ်စေနိုင်ဖွယ်မရှိဟု ခန့်မှန်းထားခြင်း

ရုရှားနှင့်ယူကရိန်းပဋိပက္ခသည် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးအပေါ် မလွဲမသွေသက်ရောက်မှုရှိသော်လည်း ယင်းကြောင့် စီးပွားရေးကျပ်တည်းဖြစ်ပေါ်မှုဆီသို့ ဦးတည်စေလိမ့်မည်မဟုတ်ဟု ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ် (National Bank of Belgium) က ခန့်မှန်းထားကြောင်း flandersnews.be ဝက်ဘ်ဆိုဒ်တွင် "National Bank says that the war in Ukraine should not cause a serious recession in Belgium" ခေါင်းစဉ်ဖြင့် သတင်းရေးသား ဖော်ပြထားပါသည်။

ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားနေချိန်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးအပေါ် ယင်းပဋိပက္ခ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစား၍ နောက်ဆုံးရ မေခရိုစီးပွားရေးခန့်မှန်းချက်ကို ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ်က ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ယခင်ခန့်မှန်းထားသည်ထက် တိုးတက်မှုလျော့ကျနိုင်ပြီး၊ ယာယီအားဖြင့် သိသိသာသာ စီးပွားရေးတုံ့နှေးမှုဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ် တွင် ဘယ်လ်ဂျီယံ၏ စီးပွားရေးသည် အနုတ်လက္ခဏာဖြင့် တိုးတက်မှုကို ကြုံတွေ့ရနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ၂၀၂၂ ခုနှစ် တစ်နှစ်လုံး အတွက်မူ (၂.၄) ရာခိုင်နှုန်းဖြင့် စီးပွားရေးတိုးတက် နိုင်ကြောင်း၊ ယခင် ခန့်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်း (၂.၆) ရာခိုင်နှုန်းထက် (၀.၂) ရာခိုင်နှုန်းလျော့နည်း၍ တိုးတက်နိုင်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ်က ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို သိသိသာသာ ပြင်ဆင် လျှော့ချ၍ ခန့်မှန်းထားကြောင်း၊ မူလက ၂၀၂၃ ခုနှစ်အတွက် စီးပွားရေး တိုးတက်မှု (၂.၄) ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ

ယခုအခါ (၁.၅) ရာခိုင်နှုန်းဖြင့်သာ တိုးတက်မည်ဟု လျှော့ချခဲ့ကြောင်းသိရပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ငွေကြေးဖောင်းပွမှုအပေါ် အားကောင်းသော သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ သိသာစွာမြင့်တက်လာသည့် ငွေကြေးဖောင်းပွ နှုန်းသည် မူလခန့်မှန်းသည်ထက် ပို၍နှေးကွေးစွာဖြင့် ပြန်လည်ကျဆင်းဖွယ်ရှိနေကြောင်း၊ ယခုနှစ်အကုန်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် (၅) ရာခိုင်နှုန်း ဝန်းကျင်ရှိနိုင်ကြောင်း၊ တစ်နှစ်လုံးအတိုင်းအတာဖြင့် ပျမ်းမျှငွေကြေးဖောင်းပွမှု နှုန်းမှာမူ (၇) ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

လက်ရှိ ခန့်မှန်းချက်များအရ ကာလရှည် လုပ်ခ-ကုန်ဈေးနှုန်း မြင့်တက်မှုစက်ဝန်း (wage-price spiral) ကို ဖြစ်ပေါ်စေနိုင်မည်မဟုတ်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေခြင်းဖိအားသည် လာမည့် (၂)နှစ်တွင် လျော့ကျသွားမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ကောက်ချက်ချထားပါသည်။ အဆိုပါ ခန့်မှန်းချက်များမှန်ကန်ပါက ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုမြင့်မားခြင်းနှင့် စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းတို့ အတူဒွန်တွဲနေသည့် stagflation ကို ကြုံတွေ့ရမည်မဟုတ်ကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ ဘတ်ဂျတ်လိုငွေပြမှုသည် ဂျီဒီပီ၏ (၄.၄) ရာခိုင်နှုန်းရှိနိုင်ပြီး၊ ကာလလတ်တွင် မသေချာမရေရာမှုများစွာရှိနေကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ခန့်မှန်းထားသည်ဟု ဖော်ပြထားပါသည်။

**Source:** https://www.vrt.be/vrtnws/en/2022/03/28/national-bank-says-that-the-war-in-ukraine-should-not-cause-a-se/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလ အိန္ဒိယနိုင်ငံအစိုးရက တိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုနှင့် ဈေးနှုန်းများလွန်စွာမြင့်တက်မှုတို့ကို ထိန်းချုပ်နိုင်ရန်အတွက် လုပ်ငန်းရှင်များလက်ဝယ်၌ စားသုံးဆီနှင့်ဆီထွက်သီးနှံများ သိုလှောင်ထားရှိနိုင်မည့်ပမာဏကို ကန့်သတ်ကြပ်မတ်ရန် ဗဟိုအစိုးရက ၈-၁၀-၂၀၂၁ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် S.O.4146(E) အားထုတ်ပြန်လျက် ပြည်နယ်အစိုးရများသို့ အခွင့်အာဏာအပ်နှင်းခဲ့ပါသည်။ သို့သော် ဥတ္တရပရာဒေ့ရှ်၊ ဟီမာချယ်ပရာဒေ့ရှ်၊ ကာနာတကာ၊ ဘီဟာ၊ တဲလန်ဂါနာနှင့် ရာဂျပ်စတန် ပြည်နယ် ၆ ခုကသာ ကန့်သတ်သိုလှောင်ခွင့်ပြုသည့် ပမာဏများကို သတ်မှတ် ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရများအားလုံးအနေဖြင့် စားသုံးဆီနှင့်ဆီထွက်သီးနှံများ သိုလှောင်နိုင်မှု ကန့်သတ်ခြင်းကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် မူလက အဆိုပါအမိန့်စာ၏ အကျိုးသက်ရောက်မှုရှိမည့် ကာလကို ၃၁-၃-၂၀၂၂ နေ့အထိ သတ်မှတ်ထားရာမှ ၃၀-၆-၂၀၂၂ နေ့အထိသို့ တိုးမြှင့်ကြောင်း ဖော်ပြလျက် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနက ၃-၂-၂၀၂၂ နေ့တွင် ထပ်မံအမိန့် ထုတ်ပြန်ခဲ့သည်။

ယခုအခါ အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနသည် ၃၀-၃-၂၀၂၂ နေ့၌ အမိန့်အမှတ် S.O. 1509(E) ကို ထပ်မံထုတ်ပြန်လျက် စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။ ကုန်စည်များ လက်ဝယ်ထားရှိနိုင်သည့် ပမာဏသတ်မှတ်ချက်ကိုမူ ပြောင်းလဲခြင်းမပြုပဲ ဖေဖော်ဝါရီလ၌ ထုတ်ပြန်ထားသည့်အတိုင်း ဆက်လက်ထားရှိရာ စားသုံးဆီဖြစ်ပါက လက်လီအရောင်းဆိုင် သို့မဟုတ် စူပါမားကက်ကွင်းဆက်စနစ်ဖြင့် ရောင်းချသည့် လက်လီဆိုင်တွင် အများဆုံး ၃ တန် အထိကိုလည်းကောင်း၊ လက်ကားရောင်းချသူအား အများဆုံး တန် ၅၀ ကိုလည်းကောင်း၊ စူပါမားကက် ပင်ရင်းကုမ္ပဏီကြီး၌ အများဆုံး တန် ၁၀၀ အထိကိုလည်းကောင်း၊ စားသုံးဆီ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများအား နေ့စဉ်လုပ်ငန်းလည်ပတ် လုပ်ကိုင်နိုင်စွမ်းအရ ရက်ပေါင်း ၉၀ အတွက် ကုန်စည်ပမာဏကိုလည်းကောင်း သိုလှောင်နိုင်ခွင့်ရှိမည်ဖြစ်သည်။

ဆီထွက်သီးနှံများ သိုလှောင်ခွင့်တွင် စားသုံးနိုင်သည့် အဆင့်ရှိသောသီးနှံကိုသာ ပမာဏကန့်သတ်ထားရှိခြင်းဖြစ်ပြီး လက်လီလုပ်ငန်းရှင်သည် အများဆုံး ၁၀ တန်အထိနှင့် လက်ကားလုပ်ငန်းရှင်သည် တန် ၁၀၀ အထိ လက်ဝယ်ထားရှိနိုင်မည်ဖြစ်သည်။ သီးနှံကိုင်တွယ်ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများကိုမူ နေ့စဉ်လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၏ ရက်ပေါင်း ၉၀ စာအထိ သိုလှောင်ခွင့်ပြုထားသည်။

အိန္ဒိယ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ ပို့ကုန်/သွင်းကုန် မှတ်ပုံတင်လက်မှတ်ရယူလျက် စားသုံးဆီ တင်ပို့လျက်ရှိသော ဆီကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီလက်ကားဖြန့်ဖြူးသူများသည် ပြည်ပတင်ပို့ရန် အတွက် စားသုံးဆီနှင့်ဆီထွက်သီးနှံများအား လက်ဝယ်ထားရှိကြောင်း ရှင်းလင်းပြသနိုင်ပါက ဤကန့်သတ်ချက်မှ ကင်းလွတ်ခွင့် ရှိမည်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းဆောင်ရွက်သည့် ကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီလက်ကား ဖြန့်ချီသူများသည်လည်း လက်ဝယ်ရှိ စားသုံးဆီနှင့်ဆီထွက်သီးနှံများအား ပြည်ပမှ တင်သွင်းလာခြင်းဖြစ်ကြောင်း ရှင်းလင်းနိုင် ပါက အလားတူ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိလက်ဝယ်၌ သတ်မှတ်ပြဋ္ဌာန်းချက်ထက် ကုန်စည်များ ပိုမိုလျက်ရှိလျှင် လုပ်ငန်းရှင် များအနေဖြင့် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုဦးစီးဌာန၏ ကုန်စည်အချက်အလက် အင်တာ နက် စကြံနိ၌ ထုတ်ဖော်ကြေညာရမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ပမာဏသို့ လျှော့ချသိုလှောင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းစကြံနိ၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများအား သိုလှောင်ထားရှိမှုကို ပုံမှန်စာရင်းရေးသွင်း တင်ပြရမည် ဖြစ်ကြောင်းဖြင့် အိန္ဒိယ စားသုံးသူရေးရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

ယခုကဲ့သို့ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလအား ဒီဇင်ဘာလကုန်အထိ တိုးမြှင့် လိုက်ခြင်းသည် ရှေ့လာမည့် မိုးသီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မည့် ဆီထွက်သီးနှံများ၏ ဈေးနှုန်းများကျဆင်းမှုမရှိအောင် ထိန်းသိမ်းလိုသည့် အစိုးရ၏ရည်ရွယ်ချက်ကို ဖော်ပြလျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ၎င်းသတင်းစကားကို စိုက်ပျိုးရေး လုပ်ငန်းများ မစတင်မီကပင် တောင်သူလယ်သမားများထံ ရောက်ရှိသိရှိစေလိုဟန်ရှိကြောင်းဖြင့် စားသုံးဆီလုပ်ငန်းနယ်ပယ်မှ အရာရှိတစ်ဦးကပြောဆိုကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

**Source: –**

1. Order No. S.O. 1509(E) dated 30th March 2022 of Ministry of Consumer Affairs, Food and Public Distribution of India
2. Govt extends stock limits on edible oils till December, 31–3–2022, The Hindu Business Line

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (6.4.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Apr. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 7,800 | 305 | 2,431,500 | 33,109,694 | 264,878 |
| MTSH | 00002 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,650 | 594 | 1,580,800 | 38,929,150 | 105,109 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 7 | 55,300 | 10,400,986 | 82,168 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 853 | 15,354,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 15 | 39,750 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 542 | 1,409,200 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 8 | 40,000 | 10,497,598 | 52,488 |

## Market summary

As of 6th Apr. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.06 | +1.49 | +0.41% | 364.69 | 365.06 | 360.88 | 2,324 | 20,910,550 | 7 | 635,063 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 6th Apr. 2022

| MYANPIX | 365.06 ▲ 1.49 |
|---|---|
| Total Volume (shares) | 2,324 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 635,063 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,700 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |